# မြန်မာစစ်တပ်၏ ဝါဒဖြန့်ချိမှုများ

## လေ့လာမှု စာစဉ်

## အမှတ် (၆)

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၈ရက်

BURMA CIVIL WAR MUSEUM

ဤလေ့လာမှုများသည် ၂၀၂၄ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၁၆ ရက်အထိ ကာလအတွင်း  မြန်မာစစ်တပ်နှင့် ၎င်းတို့အား ထောက်ခံအားပေးသည့် Telegram Channel များတွင် တင်ပြထားသည့် သတင်းအချက်အလက်များကို ဆန်းစစ်ထားခြင်းဖြစ်သည်။ အဆိုပါ သတင်းတင်ပြချက်များတွင် ပြည်သူများ၊ မြန်မာစစ်တပ်ထောက်ခံသူများနှင့် တော်လှန်ရေးအင်အားစုများအား ဝါဒဖြန့်ချိမှုအဖြစ် စနစ်တကျ လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ဗမာ့ပြည်တွင်းစစ်ပြတိုက် (Burma Civil War Museum – BCM) မှ ရှုမြင်သုံးသပ်ပါသည်။ ထိုဖော်ပြချက်များ အနက်မှ ၂ ပတ်တာ ကာလအတွင်း အဓိက အကြောင်းအရာများအား ပြန်လည်စုစည်းသုံးသပ်ထားခြင်း ဖြစ်ပါသည်။

ဤလေ့လာမှုကာလအတွင်း မြန်မာစစ်တပ်နှင့် ၎င်းတို့အား ထောက်ခံအားပေးသည့် Telegram Channel များတွင် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားနေသော ၁၀၂၇ စစ်ဆင်ရေး၊ အာရက္ခပြည်အတွင်းမှ စစ်ပွဲများနှင့် နိုင်ငံအနှံ့ဖြစ်ပွားနေသော တိုက်ပွဲအခြေအနေများနှင့် ပတ်သက်၍ အဓိကထားဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။ ထိုတိုက်ပွဲများတွင် မြန်မာစစ်တပ်မှ ကျဆုံးထိခိုက်မှုများနှင့် ပတ်သက်၍ ဖော်ပြထားသည့် သတင်းမီဒီယာများအား သတင်းတု၊ သတင်းမှား များဖြင့် ဝါဒဖြန့်ချိနေခြင်းသာ ဖြစ်ကြောင်း တုန့်ပြန်တင်ပြမှုများကို အဆိုပါ Telegram Channel များတွင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြခဲ့ကြသည်။ ထို့အပြင် **၁၀၂၇ စစ်ဆင်ရေးတွင် ပါဝင်သည့် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအနက်မှ ULA/AA အဖွဲ့အား ပြည်သူများအပေါ် ဆက်ကြေးကောက်ခြင်းနှင့် လုယက်ခြင်းများ လုပ်ဆောင်နေသည့် အဖွဲ့အစည်းအဖြစ် ပုံဖော်ခြင်း၊ အာရက္ခပြည်၊ ရှမ်းပြည်မြောက်ပိုင်းနှင့် ကရင်နီပြည်များမှ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများသည် ဗုဒ္ဓဘာသာကို ဦးတည်တိုက်ခိုက်နေသူများအဖြစ် ပုံဖော်ခြင်း**နှင့် ထိုသို့ **ဗုဒ္ဓဘာသာကို တိုက်ခိုက်မှုများအား ဆန့်ကျင် ဆန္ဒပြမှုများကို နိုင်ငံအနှံ့လုပ်ဆောင်ခြင်း**များကိုလည်း အဓိကဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။ ဤလေ့လာမှုတွင် အထက်ပါ ကိစ္စရပ် (၃) ခုနှင့် ပတ်သက်၍ မြန်မာစစ်တပ်၏ ဝါဒဖြန့်ချိမှုများအဖြစ် သုံးသပ်လေ့လာထားပါသည်။

### (၁) ULA/AA အဖွဲ့အား ပြည်သူများအပေါ် ဆက်ကြေးကောက်ခြင်းနှင့် လုယက်ခြင်းများ လုပ်ဆောင်နေသည့် အဖွဲ့အစည်းအဖြစ် ပုံဖော်ခြင်း။

လေ့လာမှုကာလအတွင်း မြန်မာစစ်တပ်နှင့် ၎င်းတို့အား ထောက်ခံအားပေးသည့် Telegram Channel များတွင် ULA/AA အဖွဲ့သည် ပြည်သူများအပေါ် လုယက်ခြင်း၊ ဆက်ကြေးကောက်ခြင်းနှင့် ဖိနှိပ်မှုများကို လုပ်ဆောင်နေသည့် အဖွဲ့အစည်းတခုသာ ဖြစ်ကြောင်း ဖော်ပြမှုများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အကြိမ်ရေများစွာ ဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။ ထိုသို့ဖော်ပြရာတွင် ကျောက်ဖြူမြို့နယ်အတွင်း AA အကြမ်းဖက်အဖွဲ့ ဆက်ကြေးတာဝန်ခံတစ်ဦးက ရိက္ခာနှင့် ဆက်ကြေးမပေးလျှင် အိမ်ကိုဖုံးခွဲပစ်မည်ဟု ခြိမ်းခြောက်ပြောဆို[1] ခဲ့သည်ဟူ၍လည်းကောင်း၊ ဘူးသီးတောင် မြို့နယ်ရှိ ဖရုံချောင်းရွာရှိ ဈေးဆိုင်မှ ပစ္စည်းများကို AA အကြမ်းဖက်အဖွဲ့က လုယက်ယူဆောင်သွားပြီး ဆိုင်ရှင်အပါအဝင် ရွာသားအချို့ကို ဖမ်းဆီးခေါ်ဆောင်သွား[2]သည် ဟူ၍လည်းကောင်း ဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။ ထို့အပြင် ULA/AA အဖွဲ့ဝင်များသည် တောင်ကုတ်မြို့နယ်ရှိ တန်းလွဲရွာမကျေးရွာမှ ရွာသားများအား ဖမ်းဆီးရိုက်နှက်၍ ငွေညှစ်ခြင်း[3]၊ သံတွဲမြို့ ဂျိတ္တောကျေးရွာမှ စပါးကောက်လှိုင်းများကို မီးရှို့ခြင်း[4]နှင့် ရမ်းဗြဲမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့်သူများအား "လူမျိုးရေး သစ္စာဖောက်များ" ဟု စွပ်စွဲ ဖမ်းဆီး၍ ပြန်ပေးဆွဲမှုများကို[5] လုပ်ဆောင်ခဲ့ကြောင်းများကို လည်း ဖော်ပြခဲ့ကြသည်။ ထို့အပြင် လူမျိုးရေးနှင့် ဆက်စပ်၍ ရိုဟင်ဂျာလူမျိုးစုများ နေထိုင်သည့် ကျေးရွာများအပေါ် ဖိနှိပ်တိုက်ခိုက်မှုများ ရှိကြောင်းလည်း ဝါဒဖြန့်ချိမှုများ လုပ်ဆောင်ခဲ့ကြသည်။ ဥပမာအားဖြင့် "ဘူးသီးတောင်မြို့နယ်၊ ဖရုံချောင်း(မွတ်ဆလင်)ရွာရှိ ဈေးဆိုင်အားခွေးမြက်နှိုက် AA အဖွဲ့မှ ဓါးပြတိုက်ပြီး ဆိုင်ရှင်နဲ့ အပြစ်မဲ့ရွာသား ၄ ဦးအား အဓမ္မဖမ်းဆီးသွားခဲ့"[6] ဟူ၍လည်းကောင်း၊ ဘူးသီးတောင်မြို့နယ်၊ ဆေးအိုးကျ ကျေးရွာတွင်လည်း "အပြစ်မဲ့ ဘင်္ဂါလီရွာသားတစ်ဦးအား AA အဖွဲ့မှ သေနတ်နဲ့ပစ်ခတ်ပြီး ဓါးဖြင့်ထိုးသတ်မှုဖြစ်ပွားခဲ့"[7] သည်ဟူ၍ လည်းကောင်း သတင်းဖော်ပြခဲ့ခြင်းဖြစ်ပြီး အဆိုပါ သတင်းများနှင့် အလားတူ သတင်းများကိုလည်း အကြိမ်ပေါင်းများစွာ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့ကြခြင်း ဖြစ်သည်။ ဤ ဖော်ပြမှုများသည် ULA/AA အဖွဲ့သည် ပြည်သူများအပေါ် ဖိနှိပ်မှုနှင့် အကြမ်းဖက်မှုများ လုပ်ဆောင်နေသည့် အဖွဲ့အစည်း အဖြစ် ပုံဖော်နိုင်ရန် ကြိုးပမ်းသည့် ဝါဒဖြန့်ချိမှုများအဖြစ် သုံးသပ်နိုင်ပါသည်။

---

[1] https://t.me/newsmayyu/10621

[2] https://t.me/minchitoo989989/30595


[3] https://t.me/newsmayyu/10631

[4] https://t.me/minchitoo989989/30738

[5] https://t.me/minchitoo989989/30590

[6] https://t.me/dwmnews/1434

[7] https://t.me/dwmnews/1421



181770
Min Chit Oo
33,990 subscribers

ရိက္ခာဆက်ကြေး မပေးသဖြင့် AA အကြမ်းဖက်အဖွဲ့က စပါးကောက်လှိုင်းများကို မီးရှို့သွား


========================

Jan 10, May Yu Htar Nay

သံတွဲမြို့နယ်၊ ဂျိတ္တောအုပ်စု၊ သစ်ပုတ်ကျေးရွာတွင် ရိတ်သိမ်းပြီးစုပုံထားသော စပါးတင်း ၂၀၀ ခန့်ရှိကောက်လှိုင်းများကို မသမာသူလူတစ်စုက ယနေ့ နံနက်ပိုင်းတွင် မီးရှို့သွားသဖြင့် ကာလတန်ဖိုး သိန်း ၅၀ ခန့်မီးလောင်ဆုံးရှုံးသွားကြောင်း သိရှိရသည်။

၎င်းသတင်းနှင့်ပတ်သက်၍ သစ်ပုတ်ရွာသားတစ်ဦးထံ စုံစမ်းခဲ့ရာ မီးလောင်ရခြင်းမှာ ပေါ့ဆမီးကြောင့် မဟုတ်ဘဲ ULA/AA အကြမ်းဖက်အဖွဲ့ဝင်များက ရိက္ခာဆက်ကြေးတောင်းခံရာ မပေးသဖြင့် "မစားရတဲ့အမဲသဲနဲ့ပက်သည့်ပုံစံ" လုပ်သွားခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်။

ထိအပြင် သံတဲမြို့ နယ်၊ ဆင်းခေါင်းရာ



157300
May Yu Htar Nay
23,711 subscribers

May Yu Htar Nay
ရမ်းဗြဲမြို့မှနေ၍ ရန်ကုန်မြို့သို့သွားမည့်များအား AA အကြမ်းဖက်အဖွဲ့မှ "လူမျိုးရေးသစ္စာဖောက်များ"ဟု စွပ်စွဲဖမ်းဆီးကာ ပြန်ပေးဆွဲနေ

============================
3 - 1 - 2024 ၊ May Yu Htar Nay

ရမ်းဗြဲမြို့မှနေ၍ ရန်ကုန်မြို့သို့အကြောင်းအမျိုးမျိုးကြောင့် လေယာဉ်နှင့်သွားရောက်ရန်အတွက် ကျောက်ဖြူလေဆိပ်သို့ သွားသည့် ဒေသခံများအား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ "လူမျိုးရေးသစ္စာဖောက်များ"ဟု စွပ်စွဲဖမ်းဆီးကာ ပြန်ပေးဆွဲနေပြီး မိဘများအား ငွေဖြင့်လာရွေးခိုင်းနေကြောင်း ဒေသခံများထံမှ သိရှိရသည်။

ပြီးခဲ့သည့် ရက်ပိုင်းကလည်း ဇင်ချောင်းကျေးရွာအကျော်တွင်ဂိတ်ဖွင့်ကာ လမ်းသွားလမ်းလာများအား ဆက်ကြေးကောက်တောင်းရမ်းနေသည့် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်များမှ ကျောက်ဖြူလေဆိပ်သို့သွားမည့် လူငယ်များအား ထိုဂိတ်တွင် ဖမ်းဆီးထားပြီး မိဘများအား ငွေ ၆ သိန်းနှင့် လာရွေးခိုင်းခဲ့ကြောင်း အမည်မဖော်လိုသည့် ကျေးရွာသားတစ်ဦးမှသတင်းပေးပို့လာသည်။

ရမ်းဗြဲမှ ကျောက်ဖြူလေဆိပ်သို့သွားသည့် ဒေသခံများမှာ AA အဖွဲ့ ဆက်ကြေးဂိတ်ဖွင့်

ပုံ (၁)။ ULA/AA နှင့် ပတ်သက်၍ ဖော်ပြချက်များ။



181544
May Yu Htar Nay
23,711 subscribers



AA အကြမ်းဖက်အဖွဲ့ ဆက်ကြေးတာဝန်ခံတစ်ဦးက ရိက္ခာနှင့် ဆက်ကြေးမပေးလျှင် အိမ်ကိုဖုံးခွဲပစ်မည်ဟု ခြိမ်းခြောက်ပြောဆို

============================
==
Jan 3, May Yu Htar Nay

ကျောက်ဖြူမြို့နယ်၊ သိုင်းချောင်းကျေးရွာအုပ်စု၊ ပြားကျွန်းကျေးရွာတွင် ULA ဆက်ကြေးတာဝန်ခံ စိုးညွန့်အောင်နှင့်အဖွဲ့က ရွာသားများကို ခြိမ်းခြောက်ကာ ဇန်နဝါရီလ ၂ ရက်နေ့ နေ့လယ်ပိုင်းက ရိက္ခာနှင့် ဆက်ကြေးကောက်သွားကြောင်း အဆိုပါရွာသားများထံက သိရှိရသည်။

အိမ်ထောင်စုတစ်စုလျှင် ငွေ ၁၅၀၀၀ ကျပ်နှင့် ဆန်တစ်တောင်း(၃၂ ဘူး) ULA/AA အဖွဲ့အတွက် ဆက်ကြေးပေးရမည်

238



157529
DOROR WADDY MEDIA
3,676 subscribers

DOROR WADDY MEDIA
**ဘူးသီးတောင်မြို့နယ်၊ဖရုံချောင်း(မွတ်ဆလင်)ရွာရှိ ဈေးဆိုင်အား ခွေးမြက်နှိုက်AA အဖွဲ့မှ ဓါးပြတိုက်ပြီး ဆိုင်ရှင်နဲ့အပြစ်မဲ့ရွာသား ၄ ဦးအား အဓမ္မဖမ်းဆီးသွားခဲ့**

=============================
၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့ည ၁၁ နာရီခန့်တွင် ယူနီဖောင်းဝတ်ပြီး သေနတ်ကိုင်ဆောင်ထားတဲ့ AA အဖွဲ့မှ အင်အားစီးပါ ၁၀ ဦးသည် ဘူးသီးတောင်မြို့နယ် ဖရုံချောင်း(မွတ်ဆလင်)ရွာသို့ ဝင်ရောက်လာပြီး အဖ အီစွမိုင်၏သား ဆော်တာန်ဟူဆိန်ပိုင် ကုန်စုံဆိုင်မှ ဆေးလိပ်၊ ကော်ဖီမစ်ထုပ်အပါဝင် သိန်း ၂၀ ခန့်ဖိုးရှိ ဈေးပစ္စည်းတွေကို ဓါးပြတိုက်ယူကာ ဆိုင်ရှင်နဲ့ အခြားရွာသားမွတ်ဆလင်များဖြစ်တဲ့ အဖ အိနာမိန်၏သား တာဟဲရ်၊ အသက် ၃၃ နှစ်၊ အဖ မာမတ်တူဆောင်း၏သား ရော်ရှိတ်အာမတ်၊ အသက် ၁၇ နှစ်၊ အဖ အေဇာများ၏သား ရော်ဟီမူလ္လာ၊ အသက် ၄၈ နှစ်နဲ့ အဖ ဆီဒိတ်အာမတ်၏သား ဇော်မိလ်၊ အသက် ၃၀ နှစ်တို့အား ဖမ်းဆီးကာ ကံ့ကော်မြိုင်(နတလ)ရွာဘက်သို့ ခေါ်ဆောင်သွားခဲ့တယ်လို့ သိရပါတယ်။

ထွန်းမြက်နှိုက်AA အဖွဲ့ဟာ မွတ်ဆလင်လူမျိုးများအနေဖြင့် ၎င်းတို့နဲ့ပူးပေါင်းသွားရန် စည်းရုံးသော်လည်း မွတ်ဆလင်များမှ ပူးပေါင်းခြင်းမရှိသဖြင့် အငြိုးအတေးထားပြီး အပြစ်မဲ့ရွာသားများအား ဖမ်းဆီးရိုက်နှက်ခြင်း၊ ငွေကြေးတောင်းယူခြင်း၊ သေနတ်နဲ့ပစ်ခတ်ခြင်း၊ ရွာအတွင်းသို့ လက်နက်ကြီးနဲ့ပစ်ခတ်ခြင်းများ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

6 2

ပုံ (၂)။ ULA/AA နှင့် ပတ်သက်၍ ဖော်ပြချက်များ။

**(၂) အာရက္ခပြည်၊ ရှမ်းပြည်မြောက်ပိုင်းနှင့် ကရင်နီ ပြည်များမှ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများသည် ဗုဒ္ဓဘာသာကို ဦးတည်တိုက်ခိုက်နေသူများအဖြစ် ပုံဖော်ခြင်း။**

၁၀၂၇ စစ်ဆင်ရေးတွင် အဓိက ဦးဆောင်ပါဝင်နေသည့် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ ဖြစ်သည့် AAနှင့် MNDAA အဖွဲ့များအားလည်းကောင်း၊ ကရင်နီပြည် အတွင်းအရှိ တော်လှန်ရေးအင်အားစုများအား လည်းကောင်း ဗုဒ္ဓဘာသာအား ဦးတည် တိုက်ခိုက်နေသူများအဖြစ် ပုံဖော်မှုများကို လေ့လာမှုကာလအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ MNDAAမှ တပ်ဖွဲ့ဝင်တဦး၏ ဗုဒ္ဓဘာသာဝင်များ၏ စေတီတဆူအား ဖျက်ဆီးနေသည့် ဗီဒီယိုတခု လူမှုမီဒီယာများပေါ်တွင် ပျံ့နှံ့လာပြီးနောက်တွင် အဆိုပါ တပ်ဖွဲ့များမှ ဗုဒ္ဓဘာသာကို ဦးတည်တိုက်ခိုက်နေသူများ အဖြစ် ပုံဖော်မှုများ ပိုမိုများပြားလာခဲ့သည်။ ထိုသို့ဖော်ပြရာတွင် အဆိုပါ ဗီဒီယိုနှင့်အတူ ညီနောင်သုံးဖော် မဟာမိတ်အဖွဲ့ဝင်များဖြစ်သည့် AA, TNLA နှင့် MNDAA တို့အား ဘာသာမဲ့ မျောက်သုံးကောင်ဟု နှိမ့်ချအမည်တပ်၍ ဘာသာမဲ့များ၊ ဗုဒ္ဓဘာသာကို တိုက်ခိုက်ဖျက်ဆီး သူများ[8]အဖြစ် ပုံဖော်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ဗုဒ္ဓရုပ်ပွားတော် တဆူအား ဖျက်ဆီးနေသည့် ဗီဒီယို တခုကိုလည်း အဆိုပါ Telegram Channel များတွင် ဖော်ပြခဲ့ကြပြီး ၎င်းဖြစ်စဉ်နှင့် ပတ်သက်၍ MNDAA အဖွဲ့မှ လုပ်ဆောင်ခြင်း ဖြစ်ကြောင်း စွပ်စွဲခဲ့ကြသည်[9]။ ထိုသို့ ဗုဒ္ဓဘာသာဝင်များ၏ စေတီဖျက်ဆီးမှုနှင့် ပတ်သက်၍ MNDAAမှ ထုတ်ပြန် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သော်လည်း မြန်မာစစ်တပ်မှ ထိုဖြစ်စဉ်နှင့် ပတ်သက်၍ ကန့်ကွက်ရှုတ်ချကြောင်း လှုပ်ရှားမှုများကို နိုင်ငံအနှံ့ မြို့ အများအပြားတွင် အမျိုးသားရေး အစွန်းရောက် အုပ်စုများ၊ စစ်တပ်ထောက်ခံသူများဖြင့် လုပ်ဆောင်ခဲ့ကြသည်။

ထို့အပြင် ညီနောင်သုံးဖော် မဟာမိတ်တွင်ပါဝင်သော ULA/AA အဖွဲ့အားလည်း ဗုဒ္ဓဘာသာကို တိုက်ခိုက်ဖျက်ဆီး သူများ အဖြစ် အလားတူ ပုံဖော်မှုများကိုလည်း တွေ့ရှိခဲ့ရသည်။ ULA/AA အဖွဲ့သည် ဗုဒ္ဓဘာသာဝင်များ အထွဋ်အမြတ်ထားသည့် ကျောက်တော်မြို့ရှိ မဟာမုနိဘုရားကို drop bomb ဖြင့် တိုက်ခိုက်ခဲ့သည်[10]ဟု ဖော်ပြခဲ့ပြီး၊ ထိုသို့ ဖြစ်ရသည်မှာ ဘာသာမဲ့ မြောက်ပိုင်း အဖွဲ့များနှင့် ပူးပေါင်းခြင်းကြောင့်[11] ဖြစ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့ကြသည်။ ထို့အတူပင် ကရင်နီပြည်ရှိ တော်လှန်ရေး အင်အားစုများမှလည်း လွိုင်ကော်မြို့ရှိ ဗုဒ္ဓဘာသာဝင်များ၏ ဘုရာပုထိုးစေတီများကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟူသော စွပ်စွဲ ထားသည့်

[8] https://t.me/minchitoo989989/30707


[9] https://t.me/minchitoo989989/30884

[10] https://t.me/westernnews24/5238

[11] https://t.me/kothetjournalist/59137%E1%80%B1


ဓာတ်ပုံများကိုလည်း[12] ထို Telegram Channel များတွင် ဖော်ပြခဲ့သည်။ ဤဖော်ပြချက်များသည် ဗမာပြည်အတွင်း လူဦးရေအများဆုံး ကိုးကွယ်ယုံကြည်မှု တခုဖြစ်သော ဗုဒ္ဓဘာသာဝင်များ နှင့်လည်းကောင်း၊ ထိုဖြစ်စဉ်များ ဖြစ်ပွားခဲ့သော နေရာဒေသများရှိ ပြည်သူများနှင့် လည်းကောင်း ပဋိပက္ခများ ဖြစ်ပေါ်စေရန်နှင့် တော်လှန်ရေး အင်အားစုများအပေါ် ထောက်ခံမှု ကျဆင်းစေရန် ရည်ရွယ်ဦးတည် ဝါဒဖြန့်ချိမှုများ အဖြစ် သုံးသပ်နိုင်ပါသည်။






*ပုံ (၃)။ ဗုဒ္ဓဘာသာကို ဦးတည်တိုက်ခိုက်နေသူများအဖြစ် ဖော်ပြခြင်း။*

[12] https://t.me/shwenaykyar/53142







*ပုံ (၄)။ ဗုဒ္ဓဘာသာကို ဦးတည်တိုက်ခိုက်နေသူများအဖြစ် ဖော်ပြခြင်း။*

### (၃) ဗုဒ္ဓဘာသာကို တိုက်ခိုက်မှုများအား ဆန့်ကျင် ဆန္ဒပြမှုများကို နိုင်ငံအနှံ့လုပ်ဆောင်ခြင်း။

MNDAAမှ  တပ်ဖွဲ့ဝင်တဦး၏ ဗုဒ္ဓဘာသာဝင်များ၏ စေတီတဆူအား ဖျက်ဆီးနေသည့် ဗီဒီယိုနှင့် ပတ်သက်၍ ဆန့်ကျင်ဆန္ဒပြမှုများကို နိုင်ငံအနှံ့လုပ်ဆောင်ခဲ့သည့် သတင်းများအားလည်း မြန်မာစစ်တပ်နှင့် ၎င်းတို့အား ထောက်ခံအားပေးသည့် Telegram Channel များတွင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြခဲ့ကြသည်။ အဆိုပါ ကိစ္စနှင့် ပတ်သက်၍ "ဗုဒ္ဓဘာသာအပေါ် ပစ်မှတ်ထားစော်ကားလာသော အကြမ်းဖက်အဖွဲ့များ၏ လုပ်ရပ်များအား ဆန့်ကျင်ကြ[13]၊ စစ်သွေးကြွ MNDAA ရဲ့ လုပ်ရပ်ကို လက်မခံနိုင်[14]၊ ဗုဒ္ဓသာသနာကို ဖျက်ဆီး စော်ကားနေသော လက်နက်ကိုင် သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချ[15]" ဟူသော ခေါင်းစဉ်များ၊ ကြွေးကြော်သံများ ဖြင့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ မကွေး၊ နေပြည်တော်၊ လင်းခေး၊ ဟုမ္မလင်း၊ ရွှေဘို၊ ဘားအံ စသည့် မြို့ကြီးများအပါအဝင် နိုင်ငံအနှံ့အပြား၌ ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ထို့အပြင် မျိုးချစ်ရဟန်းတော်များ သမဂ္ဂ (ရန်ကုန်)[16]၊ ဗုဒ္ဓဘာသာ ကိုးကန့် ဓမ္မာရုံ[17]၊ နေပြည်တော်အမျိုးသားရေး အဖွဲ့[18]၊ အမျိုးသား ဒီမိုကရေစီသစ်ပါတီ[19] တို့အပါအဝင် အဖွဲ့အစည်းများမှ ဆန့်ကျင်ရှုတ်ချကြောင်း ကြေညာချက်များကိုလည်း ထုတ်ပြန်ခဲ့ကြသည်။ ဤလှုပ်ရှားမှုသည် မြန်မာစစ်တပ်မှ တော်လှန်ရေး အင်အားစုများအပေါ် ဆန့်ကျင်မှုများ ပြုလုပ်ရာတွင် ယုံကြည်ကိုးကွယ်မှုကို အသုံးချလုပ်ဆောင်လာခြင်း ဖြစ်သည်။ ဆန္ဒပြပွဲများတွင် လူအင်အား အများအပြား အသုံးပြုခဲ့ပြီး ၎င်းတို့အား ထောက်ခံအားပေးမှုရှိကြောင်း ဖော်ပြနိုင်ရန် အားထုတ်မှုဟုလည်း သုံးသပ်နိုင်ပါသည်။

---

[13] https://t.me/Hno969888/2879

[14] https://t.me/minchitoo989989/30858

[15] https://t.me/kothetjournalist/58844


[16] https://t.me/minchitoo989989/30661

[17] https://t.me/kothetjournalist/59142

[18] https://t.me/kothetjournalist/58680

[19] https://t.me/kothetjournalist/58956




*ပုံ (၅)။ ဆန့်ကျင်ရှုတ်ချကြောင်း ကြေညာချက်များ။*







*ပုံ (၆)။ ဆန့်ကျင်ရှုတ်ချ ဆန္ဒပြပွဲများ။*